လောကသစ္စာ
စာပေတိုက်

ပိုက်ဆံရှိမှ ကျွန်တော်တို့အိပ်မက်တွေနဲ့
ကျွန်တော်တို့ ချစ်ရတဲ့သူတွေရဲ့ ဆန္ဒတွေကို
ဖြည့်ဆည်းပေးလို့ရမှာပါ... ဒါကြောင့် ....



# ပိုက်ဆံရှာပါ

လောကသစ္စာ

ဘဝခွန်အားဖြည့် စာစုများ

ပိုက်ဆံရှာပါ

လောကသစ္စာ

**"သြော် .. ပြောရဦးမယ် ...**

**ခင်ဗျားတို့ စိတ်ဓာတ်ကျနေတဲ့ အခါပဲဖြစ်ဖြစ်**

**စိတ်တွေ ညစ်ညူးနေတဲ့အခါပဲဖြစ်ဖြစ်**

**အစဉ်လိုက်မဟုတ်ပဲ ကြိုက်တဲ့ခေါင်းစဉ်လေး**

**တစ်ခုခုကို ဖတ်ကြည့်လိုက် ... ထူးခြားလာပါလိမ့်မယ် ...**

**အဲဒါ ... ခင်ဗျားတို့အတွက် အမြတ်ပါပဲ ...**

**ကျွန်တော်ပေးတဲ့ စေတနာပါ ...။"**

**ကျေးဇူးတင်ပါတယ်**

***

အမှာစကားလေးပါ

အချိန်တိုင်းမှာ ပိုက်ဆံဟာ ကျွန်တော်တို့အတွက် Motivation ပါပဲ။

ပိုက်ဆံရှိရင် ဘယ်နေရာသွားသွား အလိုလို Confeidence ရှိတယ်။ "money made everything" ဆိုတဲ့ အတိုင်းငွေရှိရင် လူတိုင်း ပျော်တယ်။ ဆိုင်ကောင်းကောင်းမှာ စားချင်လဲ တွေဝေနေစရာ မလိုဘူး။ လမ်းသွားရင်း လိုချင်တာတွေ့ရင်လဲ တွေဝေနေစရာမလိုပဲ ပက်ခနဲ့ ဝယ်လိုက်ဖို့ ဝန်မလေးဘူး။

ပိုက်ဆံရှိမှသာ ကျွန်တော်တို့ အိပ်မက်တွေကို မြန်မြန် အကောင်အထည် ဖော်နိုင်မှာပါ။

ပိုက်ဆံရှိမှသာ ကျွန်တော်တို့ ဖြစ်ချင်တာတွေ အကုန်လုပ်လို့ရမှာ … ပိုက်ဆံရှိမှ ကျွန်တော်တို့ ချစ်ရသူတွေရဲ့ လိုအင်ဆန္ဒတွေကို အကုန် ဖြည့်ဆည်းပေးနိုင်မှာ …

ဒါကြောင့် … ပိုက်ဆံရှာပါ …

သုံးသင့်မှသုံးပါ

ချွေတာ စုဆောင်းပါ။ မဖြုန်းပါနဲ့။

ငွေမရှိရင် ဘဝဟာ ဟိုး … အောက်မှာဆိုတာ ကိုယ်တွေ့ခံစားဖူးလို့ ဒီ စာအုပ်လေးကို မျှဝေတာပါ။ ကျေးဇူးတင်ပါတယ်။


ချစ်ခြင်းအားဖြင့်

လောကသစ္စာ

09-798315882


***

"တရားတဲ့နည်းနဲ့ဆို
တရုတ်လိုရှာရှာ
ကုလားလိုစုစု
ဘယ်နည်းနဲ့ ဖြစ်ဖြစ်
ရအောင်ရှာပြီး ... ရအောင်စု
ပိုက်ဆံရှိရင်
ခင်ဗျား ဖင်က ထွက်တဲ့
အီး တောင် အနံ့
ပြောင်းသွားလိမ့်မယ် ..."

***



## ပိုက်ဆံရှာပါ

ပိုက်ဆံပဲရှာပါလို့ ကျွန်တော်ပြောတာ ငွေမက်ဖို့ မဟုတ်ပါဘူး။ ငွေမရှိလဲ လုပ်လို့ရတဲ့ အရာတွေ ငွေနဲ့ဝယ်ယူလို့ မရတဲ့အရာတွေ ... မရှိဘူးတော့ မဟုတ်ပါဘူး ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော် တွေ့ဖူးသလောက်တော့ ... ငွေနဲ့ ဖန်တီးရတဲ့ အရာတွေက ပိုများနေသလို တွေ့ရပါတယ်။

*စား၊ ဝတ်၊ နေ၊ ရေး ... တဲ့ လူတွေမှာ အရေးကြီးဆုံးပဲ။ အဲဒါတွေဟာ ... ငွေမရှိရင် ဘာမှကို လုပ်လို့မရတာ။

*ကျန်းမာရေး ... ဟုတ်ကဲ့ ... ငွေနဲ့တော့ ဝယ်လို့မရပါဘူး။ ဒါပေမဲ့ ငွေနဲ့တော့ နည်းနည်း ဆွဲဆန့်ထားလို့ ရပါတယ်။ (သေနေ့ မစေ့သေးရင်ပေါ့)

"မသေသင့်ပဲ သေရတယ်တဲ့" ဒီစကားကို ကြားဖူးကြပါလိမ့်မယ်။ ပိုက်ဆံမရှိလို့ ဆေးမကုနိုင်လို့ မသေသင့်ပဲ သေရတာဆိုပြီး ပြောနေကြတဲ့ စကားကို ကြားဖူးကြမှာပါ။ (တရားသဘောကို အသာခဏထား) ငွေမရှိတော့ သေတာတောင် ငွေကို အကြောင်းရှာပြီး တရားခံ လုပ်ကြတဲ့သူတွေ ရှိပါတယ်။

*ချစ်ခြင်းမေတ္တာတရား ... ဟုတ်ကဲ့ ပိုက်ဆံရှိရင် ချစ်ခြင်းမေတ္တာတရားတွေ အများကြီး ဝယ်လို့ ရပါတယ်။ (ချစ်ခြင်းမေတ္တာကို အပထား) ပိုက်ဆံရှိရင်တော့ ချစ်လိုက်ကြတာမှ တုန်လို့ပါပဲ။

ကွယ်ရာသာ မဲ့ချင်မဲ့သွားမယ် ... ရှေ့ရောက်ရင်တော့ ပြုံးပြုံးလေးပါပဲ။ အဲဒါ ပိုက်ဆံပါပဲ။

၁၆ နှစ် သမီးလေးကလည်း ၆၁ နှစ် အဘိုးကြီးကို တုန်လို့ချစ်လိုက်တာ ... ၁၆ နှစ် သားလေး ကလည်း ၆၁ နှစ် အဘွားကြီးကို တုန်လို့ ချစ်လိုက်တာ ... "အမ်း" တယ် ဆိုတဲ့စကား ခေတ်စားလာတာ ပိုက်ဆံရှိလို့ပါ ...။

"မအမ်း" နိုင်လို့ကတော့ အဘိုးကြီး၊ နှာဗူးကြီး၊ တဏှာရူးကြီး သေခါနီးနဲ့ ဘာညာပြောလိုက်ကြမှာ ရစရာတောင်ရှိမှာ မဟုတ်ပါဘူး။

ရွယ်တူတန်းတူ ဆိုလည်း ဒီလိုပဲ "ဒီအဆင်နဲ့ဒီအဆင် နင်မို့လို့ အားမနာလျှာမကျိုး ..." စသဖြင့် ပြောခံလိုက်ရရင် နေရာမှာတင် ချုံးပွဲချ ငိုလိုက်လို့ရတယ် ...။

အဲဒါလည်း ပိုက်ဆံပါပဲ ...။

ပြဿနာတစ်ခု ဖြစ်မလား ကိုယ့်ဘက်က ဘယ်လောက်ပဲ ရိုးသားနေပါစေ တရားကို နတ်စောင့်တယ်တဲ့ ... အဲဒီ "တရား" မှာ ငွေမရှိလို့ကတော့ တရားစောင့်နတ်က ကိုယ့်ကို သောက်ရေးကို မလုပ်တာ ...။

(ကောင်းတဲ့သူတွေတော့ ရှိပါတယ် ... ဒါပေမဲ့ နည်းလို့ပါ)

"ပြောရရင်တော့ ငရဲကြီးမလားပဲ ... ကန်တော့ပါနော်" အိမ်တစ်အိမ်မိသားစုတစ်ခုမှာ ကြည့် သားသမီးချင်းတူ ညီအစ်ကိုမောင်နှမချင်း တူတာတောင် ငွေရှာနိုင်တဲ့သူနဲ့ ငွေမရှာနိုင်တဲ့သူ နည်းနည်းတော့ ကွာနေတာပါပဲ ...။ (ကျွန်တော်ပြောတာ ဟုတ်ရဲ့လား)

ဒါကြောင့် ငွေမရှိရင် ဘဝကြီးက ဟိုးအောက်မှာ ခံစားဖူးကြတယ် မဟုတ်လား။

ကိုယ်လိုချင်တဲ့ ပစ္စည်းလေးတွေရင် ... ဈေးနှုန်းလေးကိုကြည့် ကိုယ့်အိတ်ကပ်ကလေးကို စမ်းကြည့်ပြီး မဝယ်နိုင်လို့ မချချင်ချချင်နဲ့ အသာလေးပြန်ချထားလိုက်ရတာ။ ဟိုကြည့်သည်ကြည့်နဲ့ မျက်နှာလေး ငယ်နေခဲ့ရတာ သူများဝယ်ခြမ်းပြီး ခြင်းထဲ ပစ်ပစ်ထည့်နေတာကို ကြည့်ပြီး ခံစားခဲ့ဖူးကြတယ် မဟုတ်လား ...။

ဈေးဝယ်စင်တာကြီးတွေကို အပြင်က ငေးကြည့် ယောင်တောင်တောင်ကြောင် တောင်တောင် ဟိုကြည့်သည်ကြည့်နဲ့ ဝင်လိုက် (ခပ်တည်တည်နဲ့) ဈေးအပေါဆုံး ပစ္စည်းလေး တစ်ခုနှစ်ခုဝယ်ပြီး ပြန်ထွက် လာခဲ့ကြဖူးတယ် မဟုတ်လား ...။ ဒါဘာကြောင့်လဲ ...။

ပိုက်ဆံလေ ... ပိုက်ဆံရှိမှဖြစ်မှာ ဒါဆိုရင် မေးစရာ ရှိပါတယ်။ ပိုက်ဆံမရှိလည်း ဖြစ်တယ်ဆိုတဲ့ အရာတွေကို နည်းနည်းလောက် ခံစားကြည့်ဖူးကြပါသလား ..?။

လှူချင်တန်းချင်လို့ပဲ ဖြစ်ဖြစ် ပရဟိတ လုပ်ချင်လို့ပဲဖြစ်ဖြစ် ... ငွေရှိတော့ ပိုလုပ်လို့ရတာပေါ့ ဟုတ်ဖူးလား ...။

ခုခေတ်မှာ ချစ်ခြင်းမေတ္တာတရားတွေ သနားကြင်နာမှုတွေ၊ ပျော်ရွှင်ကြည်နူးမှုတွေ၊ မုန်းတီးနာကြည်းမှုတွေ၊ ကြေကွဲဝမ်းနည်းမှုတွေ စတဲ့ စိတ်နဲ့သက်ဆိုင်တဲ့ ကိစ္စတွေတောင် ပိုက်ဆံက ဝင်ရောက် ခြယ်လှယ်နေပြီဆိုတာ ခင်ဗျားတို့ ကြုံဖူးကြမှာပါ။

သေခြင်းတရားကလွဲလို့ ဘုရားပေးတဲ့ လူ့ခန္ဓာကိုယ်တောင် ပိုက်ဆံနဲ့ အပြောင်းအလဲ လုပ်လို့ရနေပြီလေ။ ယောကျ်ားက မိန်းမဖြစ်လိုက်၊ မိန်းမက ယောကျ်ားဖြစ်လိုက်နဲ့ ဒါပိုက်ဆံရှိမှ လုပ်လို့ရတာပါ။ (ဟုတ်တယ်နော်)

ပိုက်ဆံရှိရင် မြန်မာပြည်ထဲမှာတင် မကဘူး ခင်ဗျားကြိုက်တဲ့ နိုင်ငံမှာ သွားနေလို့ရတယ်။ အဲဒါ ပိုက်ဆံပဲ။

နတ်သမီးလေးတွေ လေးငါးရာဆိုတာ ပျင်းတောင်ပျင်းသေးတယ်။ သေပြီး နတ်ပြည်ရောက်မှ မဟုတ်ဘူး။ ပိုက်ဆံရှိရင် အငွေ့တင်မကဘူး အတွေ့ပါ ခံစားလို့ရတယ်။

ကဲ ... ဘာလုပ်ကြမလဲ ... သိပြီနော် ပိုက်ဆံရှာပါ။ ပိုက်ဆံရှာရာမှာလေ ... ချမ်းသာတဲ့ဒဏ် မခံနိုင်ဘူးဆိုတာ ရှုံးနေလို့ပြောတာ။

လူတိုင်း ခံစားနိုင်တယ် ... ချမ်းသာပြီး ပျက်စီးရင် ဘာမှမဖြစ်ဘူး ဆင်းရဲလို့ ပျက်စီးတယ် ဆိုရင်တော့ ရစရာကို မရှိတော့တာ ...။

ဒါကြောင့် ပိုက်ဆံရှာပါလို့ ကျွန်တော်ပြောတာ မလွန်ပါဘူးနော်။

ခွေတာပါ စုဆောင်းပါ တရားတဲ့နည်းနဲ့ဆို တရုတ်လိုရှာရှာ ကုလားလိုစုစု ဘယ်နည်းနဲ့ဖြစ်ဖြစ် ရအောင်ရှာပြီး ရအောင်စု ပိုက်ဆံရှိရင် ခင်ဗျားဖင်ကထွက်တဲ့ "အီး" တောင် အနံ့ပြောင်းသွားလိမ့်မယ်။

တစ်ခုတော့ သတိထားပါ။ မှန်မှန်ကန်ကန် တရားသဖြင့် ရှာပါ။ နည်းမှန်လမ်းမှန်လုပ်၊ အသုံးနဲ့အဖြုန်းကို ဆင်ခြင်၊ ခွေတာစုဆောင်း အသိသတိလေးနဲ့ ရှင်သန်၊ ဒါဆို ရပါပြီ။

ကျေးဇူးတင်ပါတယ်။

(လိုင်းပေါ်မှာ ညီလေးတစ်ယောက် ပြောတဲ့ စကားလေးကို ကြိုက်လို့ ခံစားရေးဖွဲ့တာပါ ... ဒီညီလေးကို ကျေးဇူးတင်ပါတယ်။ "ဩော် ... သူကပြောတယ် ... ကိုယ်ရှာထားတဲ့ ပိုက်ဆံဆိုရင် တစ်ကျပ်ကအစ တန်ဖိုးထားတယ်တဲ့"

"ကိုယ်တိုင်ရှာထားတဲ့ ပိုက်ဆံတွေကို ရေနေရတဲ့ အချိန်ဆို စောက်ရမ်း ...

Feel ရှိတယ်တဲ့"

အမှန်ပါပဲ

OK

***

ချွေတာပါ … စုဆောင်းပါ

တရားတဲ့နည်းနဲ့ဆို

တရုတ်လိုရှာရှာ

ကုလားလိုစုစု

ဘယ်နည်းနဲ့ ဖြစ်ဖြစ်

ရအောင်ရှာပြီး … ရအောင်စု

ပိုက်ဆံရှိရင်

ခင်ဗျား ဖင်က ထွက်တဲ့

အီး တောင် အနံ့

ပြောင်းသွားလိမ့်မယ် …

***